၁။ ------------------------- မြို့၊ ------------------------- ရပ်ကွက်၊ --------------- လမ်း၊ အမှတ် -------------------- တွင် -------------------- လုပ်ငန်းနှင့် လုပ်ငန်းခွဲ (   ) ခုအတွက် ၁၀ ဦး ထက်ပိုသည့် လုံခြုံရေးဝန်ထမ်းခန့်ခွင့် ခွင့်ပြုမိန့်ထုတ်ပေးလိုက်သည်-

(က) လုပ်ငန်းအမည် ----------------------------------------

( ခ ) လုပ်ငန်းအမျိုးအစား ----------------------------------------

( ဂ ) လျှောက်ထားသူ ----------------------------------------

(ဃ) လုပ်ငန်းတည်နေရာ/ ----------------------------------------

လိပ်စာ ----------------------------------------

( င ) လုပ်ငန်းခွဲတည်နေရာ/ ----------------------------------------

လိပ်စာ ----------------------------------------

( စ ) ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးသည့်နေ့ ----------------------------------------

၂။ ခွင့်ပြုမိန့်ရရှိသူသည် ပူးတွဲပါစည်းကမ်းချက်များကို လိုက်နာရမည်။

ရုံးတံဆိပ်ဝိုင်း

ဥက္ကဋ္ဌ
ကြီးကြပ်ကွပ်ကဲရေးကော်မတီ
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ဤခွင့်ပြုမိန့်ကို မြင်သာသည့်နေရာတွင် မှန်ပေါင်ဖြင့် ချိတ်ဆွဲထားရမည်။

## ခွင့်ပြုမိန့်ရရှိသူလိုက်နာရန်စည်းကမ်းချက်များ

၁။ လုံခြုံရေးဝန်ထမ်းခန့်ထားရာတွင် ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဃ) ပါ အရည်အချင်းများနှင့် ကိုက်ညီသူများကိုသာ ရွေးချယ်ခန့်ထားရမည်။

၂။ လုံခြုံရေးဝန်ထမ်းကို လိုင်စင်ရရှိသူက ဖွင့်လှစ်ထားသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာသင်တန်းသို့ တက်ရောက်နိုင်ရေး စီမံဆောင်ရွက်ရမည်။

၃။ လုံခြုံရေးဝန်ထမ်းတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်အပြည့်အစုံနှင့် တာဝန်ထမ်းဆောင်မှုမှတ်တမ်းကို စနစ်တကျမှတ်တမ်းထားရှိရမည်။

၄။ လုံခြုံရေးဝန်ထမ်းအင်အား တိုးမြှင့်ခန့်ထားခြင်း သို့မဟုတ် လျှော့ချခြင်းကြောင့် ပြောင်းလဲမှုရှိပါက သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ တင်ပြရမည်။

၅။ လုံခြုံရေးဝန်ထမ်းများ လိုက်နာရမည့်စည်းကမ်းချက်များနှင့် စည်းကမ်းဖောက်ဖျက်ပါက အရေးယူဆောင်ရွက်မည့် အချက်များကို သတ်မှတ်ထားရှိရမည်။

၆။ ခွင့်ပြုမိန့်ကို ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရ။

၇။ လုံခြုံရေးဝန်ထမ်းက တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းသိရှိပါက သက်ဆိုင်ရာသို့ ချက်ချင်းအကြောင်းကြားရမည်။

၈။ ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲ၏ တည်နေရာနှင့် တာဝန်ချထားသည့် လုံခြုံရေးဝန်ထမ်းဦးရေကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ တင်ပြရမည်။

၉။ လုံခြုံရေးဝန်ထမ်းအား ဗဟိုကော်မတီက အတည်ပြုပေးထားသည့် ဝတ်စုံ၊ တံဆိပ်နှင့် အဆင့်တံဆိပ်တို့ကို တာဝန်ချိန်တွင် ဝတ်ဆင်အသုံးပြုစေရမည်။

၁၀။ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေအရ ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ အထက်ပါ စည်းကမ်းချက်တစ်စုံတစ်ရာကို ဖောက်ဖျက်ကျူးလွန်ပါက သို့မဟုတ် လိုက်နာရန်ပျက်ကွက်ပါက ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊ ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်းစသည့် စီမံခန့်ခွဲမှု ပြစ်ဒဏ်ခံရမည့်အပြင် လိုအပ်ပါက ဥပဒေအရ အရေးယူခြင်းခံရမည်။

၁၂။ ခွင့်ပြုမိန့်ရုပ်သိမ်းသည့် ပြစ်ဒဏ်ခံယူစဉ်ကာလအတွင်း ဝန်ထမ်းများအတွက် ကိစ္စအဝဝသည် ခွင့်ပြုမိန့်ရရှိသူနှင့်သာ သက်ဆိုင်စေရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုကြီးကြပ်ကွပ်ကဲရေးကော်မတီ

------------------------ တိုင်းဒေသကြီး/ ပြည်နယ်

## လုံခြုံရေးဝန်ထမ်းခန့်ထားရန်ခွင့်ပြုမိန့်

ဓာတ်ပုံ

ခွင့်ပြုမိန့်အမှတ် ---------------------

ထုတ်ပေးသည့်နေ့စွဲ ---------------------

၁။ ------------------------- မြို့၊ ------------------------ ရပ်ကွက်၊ --------------- လမ်း၊ အမှတ် -------------------- တွင် ------------------- လုပ်ငန်းနှင့် လုပ်ငန်းခွဲ ( ) ခုအတွက် ၁၀ ဦး ထက်ပိုသည့် လုံခြုံရေးဝန်ထမ်းခန့်ခွင့် ခွင့်ပြုမိန့်ထုတ်ပေးလိုက်သည်-

(က) လုပ်ငန်းအမည် ---------------------------------------------------------------

(ခ) လုပ်ငန်းအမျိုးအစား ---------------------------------------------------------------

(ဂ) လျှောက်ထားသူ ---------------------------------------------------------------

(ဃ) လုပ်ငန်းတည်နေရာ/ ---------------------------------------------------------------

လိပ်စာ ---------------------------------------------------------------

(င) လုပ်ငန်းခွဲတည်နေရာ/ ---------------------------------------------------------------

လိပ်စာ ---------------------------------------------------------------

(စ) ခွင့်ပြုမိန့်သက်တမ်းကုန်ဆုံးသည့်နေ့ ---------------------------------------------------

၂။ ခွင့်ပြုမိန့်ရရှိသူသည် ပူးတွဲပါစည်းကမ်းချက်များကို လိုက်နာရမည်။

ရုံးတံဆိပ်ဝိုင်း

ဥက္ကဋ္ဌ

ကြီးကြပ်ကွပ်ကဲရေးကော်မတီ

---------------- တိုင်းဒေသကြီး/ ပြည်နယ်

ဤခွင့်ပြုမိန့်ကို မြင်သာသည့်နေရာတွင် မှန်ပေါင်ဖြင့် ချိတ်ဆွဲထားရမည်။

## ခွင့်ပြုမိန့်ရရှိသူလိုက်နာရန်စည်းကမ်းချက်များ

၁။ လုံခြုံရေးဝန်ထမ်းခန့်ထားရာတွင် ပုဒ်မ ၁၆၊ ပုဒ်မခွဲ (ဃ) ပါ အရည်အချင်းများနှင့် ကိုက်ညီသူများကိုသာ ရွေးချယ်ခန့်ထားရမည်။

၂။ လုံခြုံရေးဝန်ထမ်းကို လိုင်စင်ရရှိသူက ဖွင့်လှစ်ထားသည့် ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာသင်တန်းသို့ တက်ရောက်နိုင်ရေး စီမံဆောင်ရွက်ရမည်။

၃။ လုံခြုံရေးဝန်ထမ်းတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်အပြည့်အစုံနှင့် တာဝန်ထမ်းဆောင်မှုမှတ်တမ်းကို စနစ်တကျမှတ်တမ်းထားရှိရမည်။

၄။ လုံခြုံရေးဝန်ထမ်းအင်အား တိုးမြှင့်ခန့်ထားခြင်း သို့မဟုတ် လျှော့ချခြင်းကြောင့် ပြောင်းလဲမှုရှိပါက သက်ဆိုင်ရာ ကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ တင်ပြရမည်။

၅။ လုံခြုံရေးဝန်ထမ်းများ လိုက်နာရမည့်စည်းကမ်းချက်များနှင့် စည်းကမ်းဖောက်ဖျက်ပါက အရေးယူဆောင်ရွက်မည့် အချက်များကို သတ်မှတ်ထားရှိရမည်။

၆။ ခွင့်ပြုမိန့်ကို ရောင်းချခြင်း၊ ငှားရမ်းခြင်း၊ ပေါင်နှံခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရ။

၇။ လုံခြုံရေးဝန်ထမ်းက တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်းသိရှိပါက သက်ဆိုင်ရာသို့ ချက်ချင်းအကြောင်းကြားရမည်။

၈။ ကိုယ်ပိုင်လုပ်ငန်း သို့မဟုတ် လုပ်ငန်းခွဲ၏ တည်နေရာနှင့် တာဝန်ချထားသည့် လုံခြုံရေးဝန်ထမ်းဦးရေကို သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာကြီးကြပ်ကွပ်ကဲရေးကော်မတီသို့ တင်ပြရမည်။

၉။ လုံခြုံရေးဝန်ထမ်းအား ဗဟိုကော်မတီက အတည်ပြုပေးထားသည့် ဝတ်စုံ၊ တံဆိပ်နှင့် အဆင့်တံဆိပ်တို့ကို တာဝန်ချိန်တွင် ဝတ်ဆင်အသုံးပြုစေရမည်။

၁၀။ ပုဂ္ဂလိကလုံခြုံရေးဝန်ဆောင်မှုဆိုင်ရာဥပဒေအရ ထုတ်ပြန်ထားသည့် စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၁။ အထက်ပါ စည်းကမ်းချက်တစ်စုံတစ်ရာကို ဖောက်ဖျက်ကျူးလွန်ပါက သို့မဟုတ် လိုက်နာရန်ပျက်ကွက်ပါက ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊ ခွင့်ပြုမိန့်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်းစသည့် စီမံခန့်ခွဲမှု ပြစ်ဒဏ်ခံရမည့်အပြင် လိုအပ်ပါက ဥပဒေအရ အရေးယူခြင်းခံရမည်။

၁၂။ ခွင့်ပြုမိန့်ရုပ်သိမ်းသည့် ပြစ်ဒဏ်ခံယူစဉ်ကာလအတွင်း ဝန်ထမ်းများအတွက် ကိစ္စအဝဝသည် ခွင့်ပြုမိန့် ရရှိသူနှင့်သာ သက်ဆိုင်စေရမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမိန့်အမှတ် (၁၆၃/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၅ ရက်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၉၁/၂၀၂၅ အရ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးဇော်ထွန်းလွင် ကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ဗိုလ်ချုပ်ကြီး မြထွန်းဦး
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြည်ထဲရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာ (၅၅၃/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၂ ရက်)

ရှမ်းပြည်နယ်၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်၊ လုံခုတ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည် (၆/ဟိုနမ့်ရွာမ)၊ ဦးပိုင်အမှတ် (၅/၂ + ၅/၃ + ၁၇/၁)၊ **မြေဧရိယာ ၈.၃၀ ဧကေ** အား **အပန်းဖြေစခန်းနှင့် စားသောက်ဆိုင်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၁,၈၀၇,၇၄ဝ/- နှုန်းဖြင့် ဦးဝေစိုး [၁၃/တကန (နိုင်) ၀၆၈၅၀၇] သို့ အထက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၅၈ (၁) အရ နှစ် (၃၀) စက်မှု/စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၅၅၄/၂၀၂၅)**

ကရင်ပြည်နယ်၊ ဘားအံခရိုင်၊ ဘားအံမြို့နယ်၊ နောင်ထလုံးကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၁၂၂၂-ခ/ ကော့ကဒုံကွင်း)၊ ဦးပိုင်အမှတ် (၁၃၈/၂၅) ရှိ **မြေဧရိယာ ၀.၃၈ ဧက** အား **ဟာလာစက်ရုံ** မြေနေရာအဖြစ် အသုံးပြုရန်အတွက် တစ်နှစ်လျှင် မြေငှားရမ်းခ ၁၂၃,၁၂ဝ/- နှုန်းဖြင့် ဦးအောင်ထွန်းဦး [၃/ဘအန (နိုင်) ၁၃၅၇၈၃] သို့ အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၇ (က) အရ နှစ် (၃၀) စက်မှု/ စီးပွားမြေငှားဂရန် ထုတ်ပေးခွင့်ပြုသည်။

**အမိန့်ကြော်ငြာစာ (၅၅၅/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၃ ရက်)

မွန်ပြည်နယ်၊ ရေးခရိုင်၊ ရေးမြို့နယ်၊ အစင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့် အမည် (၂၃/OSS/ ကြေးတိုင်ပြင်ကွင်း)၊ ဦးပိုင်အမှတ် (၇၄က) ရှိ **ဓမ္မဒူတဝေဠုဝန်ဘုန်းတော်ကြီးကျောင်း** အခွန်လွတ်

သာသနာ့ **မြေဧရိယာ ၄.၀၃ ဧက** အနက်မှ **၀.၂၅ ဧက** အား ဗဒ္ဓသိမ်မြေအဖြစ် အသုံးပြုရန်အတွက် ဝိသုံဂါမသီးခြားရွာဖြစ်စေဟု ပိုင်းခြားသတ်မှတ်လျက် အောက်မြန်မာနိုင်ငံ မြေနှင့် အခွန်နည်းဥပဒေ ၃၄ နှင့်အညီ ဦးအောင်ဆန်းဦး [၁၀/မလမ (နိုင်) ၀၅၀၆၈၂] အား ဗဒ္ဓသိမ်မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်ထဲရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်)

**မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ NPL ကျဆင်းရေး စိစစ်ကြီးကြပ်ရေးအဖွဲ့ ဖွဲ့စည်းခြင်း**

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က တောင်သူလယ်သမားများသို့ ထုတ်ချေးထားသော စိုက်ပျိုးစရိတ်ချေးငွေများမှ သတ်မှတ်ချိန်အတွင်း ပြန်လည်ပေးဆပ်ရန်ပျက်ကွက်သော ချေးငွေ NPL (Non-Performing Loan) ဖြစ်ပေါ်နေသော ကြွေးကျန်များကျဆင်းရေးအတွက် စိစစ်ကြပ်မတ်ဆောင်ရွက်နိုင်ရန် NPL ကျဆင်းရေး စိစစ်ကြီးကြပ်ရေးအဖွဲ့ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ဦးဇော်နိုင် — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

( ခ ) ဦးမင်းသူ — ဒုတိယဥက္ကဋ္ဌ
ဦးဆောင်ညွှန်ကြားရေးမှူး
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

( ဂ ) ဒေါ်ဖြူဖြူငွေး — အဖွဲ့ဝင်
အထွေထွေမန်နေဂျာ
ချေးငွေစိစစ်ရေးနှင့် ကြီးကြပ်ကွပ်ကဲရေးဌာန
မြန်မာ့စီးပွားရေးဘဏ်

(ဃ) ဒေါ်နွယ်နွယ်ဦး — အဖွဲ့ဝင်
အထွေထွေမန်နေဂျာ
မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်

( င ) ဦးသန့်ဇင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ် (ငွေရေးကြေးရေး)
ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန

(စ) ဦးကျော်ဇင်ဦး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန

(ဆ) ဒေါ်သင်းသင်းစု — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
ငွေတိုက်ဦးစီးဌာန

(ဇ) ဒေါ်မြတ်သီတာမင်း — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး
မြန်မာနိုင်ငံတော်ဗဟိုဘဏ်

(ဈ) ဒေါ်နီလာရွှေ — အတွင်းရေးမှူး
အထွေထွေမန်နေဂျာ (ချေးငွေဌာန)
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

(ည) ဒေါ်စောစန္ဒာဝင်း — တွဲဖက်အတွင်းရေးမှူး
ဒုတိယအထွေထွေမန်နေဂျာ (ချေးငွေမူဝါဒဌာနခွဲ)
မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်

၂။ NPL ကျဆင်းရေး စိစစ်ကြီးကြပ်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

(က) မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ NPL ကျဆင်းရေးအတွက် စီမံချက်ရေးဆွဲတင်ပြခြင်း၊

(ခ) NPL ပြန်လည်ကောက်ခံရရှိမှုအခြေအနေကို ပြည်ထောင်စုဝန်ကြီးရုံးသို့ လစဉ်တင်ပြခြင်း၊

(ဂ) NPL ကြွေးကျန်ပမာဏနှင့် ပြန်လည်ကောက်ခံရရှိမှု တိုးတက်မှုအစီရင်ခံစာအား (၃) လ တစ်ကြိမ် ဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(ဃ) (၃) လပတ်အလိုက် NPL ပြန်လည်ကောက်ခံရရှိမှုအခြေအနေကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးသို့ တင်ပြခြင်း၊

(င) အကျိုးတူလယ်ယာ (Contract Farming) စနစ်ဖြင့် ချေးငွေရယူထားသည့် တောင်သူများမှ ချေးငွေပြန်လည်ပေးဆပ်ချိန်တွင် ကြွေးကျန်ငွေပမာဏ၏ အနည်းဆုံး (၂၅%) ကောက်ခံရရှိမှုအခြေအနေကို လစဉ်တင်ပြခြင်း၊

(စ) NPL ကျဆင်းရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၏ အကူအညီနှင့် အကြံပြုချက်များရယူပြီး ကြပ်မတ်ဆောင်ရွက်သွားခြင်း၊

(ဆ) နယ်မြေအေးချမ်းမှုမရှိသော ဒေသများအတွင်းဖြစ်ပေါ်နေသည့် NPL များ ပြန်လည်ကောက်ခံနိုင်ရေး သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊

(ဇ) ချေးငွေကြွေးကျန်မရှိသော ဘဏ်ခွဲများနှင့် ကြွေးကျန် (NPL) ထိရောက်စွာကောက်ခံရရှိသော ဘဏ်ခွဲများကိုစိစစ်၍ ဝန်ကြီးဌာနသို့ တင်ပြခွင့်ပြုချက်ရယူပြီး ချီးမြှင့်ထောက်ပံ့မှုများကိုဆောင်ရွက်ခြင်း၊

(ဈ) တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အလိုက် ဖွဲ့စည်းထားသော ချေးငွေအကြံပေးအဖွဲ့များအပြင် လိုအပ်ပါက အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း။

၃။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တောင်သူများသို့ ထုတ်ချေးထားသော စိုက်ပျိုးစရိတ်ချေးငွေများမှ NPL ဖြစ်ပေါ်နေသော ကြွေးကျန်များကျဆင်းရေးအတွက် တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ၊ ဆက်စပ်ဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းခြင်း၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ဥပဒေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်းနှင့်လိုအပ်ပါက တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အလိုက် အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားရန်ဖြစ်ပါသည်။

ဝင်းရှိန်

ပြည်ထောင်စုဝန်ကြီး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## နိုင်ငံခြားရေးဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၈/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၁ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၁ ရက်)

၁။ နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများက ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တည်ဆောက်ခြင်း၊ စက်ပစ္စည်းများ ဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ နိုင်ငံပိုင်မြေ၊ အဆောက်အအုံနှင့် ပစ္စည်းများထုခွဲရောင်းချခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် အရည်အသွေးပြည့်မီသော အဆောက်အဦ၊ စက်ပစ္စည်းများရရှိရေးအတွက် (ယခင်) နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ တွင်ပါရှိသည့် "အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ထုခွဲရောင်းချခြင်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်းများ" နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၇ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ တွင်ပါရှိသည့် "အစိုးရ၏ဝယ်ယူခြင်း၊ နိုင်ငံပိုင်ပစ္စည်းများထုခွဲခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ဒါခေါ်ယူခြင်းနှင့်ပတ်သက်၍ လုပ်ငန်းများအဆင်ပြေ၊ ချောမွေ့၊ လွယ်ကူစေရန်နှင့် ပိုမိုထိရောက်စွာကြီးကြပ်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ တင်ဒါကော်မတီအား အောက်ဖော်ပြပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (က) | ဒုတိယဝန်ကြီး (၁)<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| ( ခ ) | အမြဲတမ်းအတွင်းဝန်<br>နိုင်ငံခြားရေးဝန်ကြီးဌာန | အဖွဲ့ဝင် |
| ( ဂ ) | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန | အဖွဲ့ဝင် |

| စဉ် | ရာထူး၊ ဌာန | တာဝန် |
|---|---|---|
| (ဃ) | ညွှန်ကြားရေးမှူးချုပ်<br>အာဆီယံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| ( င ) | ညွှန်ကြားရေးမှူးချုပ်<br>မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( စ ) | ညွှန်ကြားရေးမှူးချုပ်<br>သံတမန်ရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) | ညွှန်ကြားရေးမှူးချုပ်<br>အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန | အဖွဲ့ဝင် |
| ( ဇ ) | ညွှန်ကြားရေးမှူးချုပ်<br>ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဈ) | ညွှန်ကြားရေးမှူးချုပ်<br>စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ည) | ဒုတိယအမြဲတမ်းအတွင်းဝန်<br>ဝန်ကြီးရုံး | အတွင်းရေးမှူး |
| ( ဋ ) | ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အဆောက်အဦထောက်ပံ့နှင့် ဆက်သွယ်ရေးဌာန<br>စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန | တွဲဖက်အတွင်းရေးမှူး |

၂။ တင်ဒါကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | လုပ်ငန်းတာဝန်များ |
|---|---|
| (က) | နိုင်ငံတော်သမ္မတရုံး၏ တင်ဒါလုပ်ထုံးလုပ်နည်းညွှန်ကြားချက်များဖြစ်သည့် ၁/၂၀၁၇၊ ၂/၂၀၁၈၊ ၃/၂၀၁၈၊ ၇/၂၀၂၀ နှင့် ယခင်စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ ၁/၂၀၂၀ ပါ ညွှန်ကြားချက်များသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဝယ်ယူခြင်း၊ နိုင်ငံပိုင်ပစ္စည်းများထုခွဲခြင်းနှင့် ငှားရမ်းခြင်း လုပ်ငန်းများဆောင်ရွက်ရာတွင် လိုက်နာရမည့် ညွှန်ကြားချက် ၁/၂၀၂၂ နှင့် ဆန့်ကျင်ကွဲလွဲမှုရှိလျှင် ဤညွှန်ကြားချက်ကိုသာ လိုက်နာဆောင်ရွက်ရန်နှင့် ဆောင်ရွက်ခြင်း ရှိ မရှိ ကို စိစစ်ရမည်။ |
| ( ခ ) | ကျပ်သန်း ၁၀၀ အောက် ကန့်သတ်တင်ဒါစနစ်ဖြင့် ဝယ်ယူခြင်းနှင့် တိုက်ရိုက်ဝယ်ယူခြင်း (တင်ဒါတင်သွင်းသူတစ်ဦးတွင်သာ မူပိုင်ခွင့်ရှိခြင်းနှင့် နည်းပညာစွမ်းဆောင်ရည်ရှိခြင်း) တို့အတွက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ၏ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်နိုင်ပြီး ကျပ်သန်း ၁၀၀ အထက် ဝယ်ယူခြင်းများအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။ |
| ( ဂ ) | ကျပ် ၂၀ သန်းအောက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းလုပ်ငန်းများအတွက် ကန့်သတ်မှုမရှိသောတင်ဒါနည်းလမ်းဖြင့် ဆောင်ရွက်ရန်မလိုဘဲ "တင်ဒါကော်မတီ" အနေဖြင့် ပစ္စည်းပေးသွင်းသူ သို့မဟုတ် ဝန်ဆောင်မှုဆောင်ရွက်ပေးသူများအနက်မှ ယုံကြည်စိတ်ချရသော အနည်းဆုံးကုမ္ပဏီ (၃) ခုထံမှ ဈေးနှုန်းအဆိုပြုလွှာတောင်းခံပြီး ဈေးနှုန်းအနည်းဆုံး တင်သွင်းသူထံမှ ဝယ်ယူခြင်း သို့မဟုတ် ဝန်ဆောင်မှုရယူခြင်းကို လုပ်ထုံးလုပ်နည်းနှင့် ညီ မညီ စိစစ်ရမည်။ |

(ဃ) ကျပ် ၂ဝ သန်းမှ ကျပ်သန်း ၂ဝဝ အထိ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်း လုပ်ငန်းများအတွက် ကန့်သတ်မှုမရှိသောတင်ဒါခေါ်ယူရာတွင် ဝန်ကြီးဌာန၏ ကြော်ငြာသင်ပုန်း၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများတွင် တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၇) ရက်ကြိုတင်၍ သိသာထင်ရှားစွာကြော်ငြာခြင်း ရှိ မရှိ စိစစ်ရမည်။

(င) ကျပ် သန်း ၂ဝဝ အထက် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်းနှင့် ဝန်ဆောင်မှုရယူခြင်းအတွက် ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစားကို ရှင်းလင်းစွာဖော်ပြပြီး ကန့်သတ်မှုမရှိသော တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁၄) ရက်ကြိုတင်၍ နိုင်ငံပိုင်သတင်းစာများတွင် အနည်းဆုံး (၂) ကြိမ် သိသာထင်ရှားစွာကြော်ငြာ၍ တင်ဒါခေါ်ယူနိုင်ရေးနှင့် ဝန်ကြီးဌာန Website တွင် အနည်းဆုံး (၁၄) ရက်ကြိုတင်ကြော်ငြာနိုင်ရေး ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။

(စ) ရောင်းချရမည့်ကြမ်းခင်းဈေး သို့မဟုတ် တစ်နှစ်တာငှားရမ်းခ အနိမ့်ဆုံးကြမ်းခင်းဈေးတန်ဖိုး အတွက် ကျပ် ၂ဝ သန်းအောက်ဖြစ်ပါက "တင်ဒါကော်မတီ" မှ ငှားရမ်းမည့် သို့မဟုတ် ရောင်းချမည့် လုပ်ငန်းအမျိုးအစားကို တိကျစွာဖော်ပြ၍ သက်ဆိုင်ရာဝန်ကြီးဌာန ကြော်ငြာသင်ပုန်း၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်အုပ်ချုပ်ရေးမှူးရုံးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံးများ၏ ကြော်ငြာသင်ပုန်း များတွင် တင်ဒါဖွင့်လှစ်မည့်ရက်ထက် (၇) ရက်ကြိုတင်၍ သိသာထင်ရှားစွာကြော်ငြာခြင်း ရှိ မရှိ စိစစ်ရမည်။

(ဆ) ရောင်းချရမည့်ကြမ်းခင်းဈေး သို့မဟုတ် တစ်နှစ်တာငှားရမ်းခ အနိမ့်ဆုံးကြမ်းခင်းဈေးတန်ဖိုးအတွက် ကျပ် ၂ဝ သန်းနှင့်အထက်ဖြစ်ပါက ရောင်းချမည့် သို့မဟုတ် ငှားရမ်းမည့် လုပ်ငန်းအမျိုးအစားကို တိကျစွာဖော်ပြ၍ တင်ဒါဖွင့်လှစ်ရန် သတ်မှတ်ရက်ထက် (၁၄) ရက်ကြိုတင်ပြီး နိုင်ငံပိုင်သတင်းစာ များတွင် အနည်းဆုံး နှစ်ကြိမ် သိသာထင်ရှားစွာကြော်ငြာ၍ Website၊ Web Portal၊ Myanmar National Portal တို့တွင် (၁၄) ရက်ကြိုတင်ကြော်ငြာခြင်း ရှိ မရှိ စိစစ်ရမည်။

(ဇ) ဌာနပိုင်ပစ္စည်းများ၊ ဌာနပိုင်ပုံသေပိုင်ပစ္စည်းများ ထုခွဲရောင်းချရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ အပိုဒ် (၁၉)၊ အပိုဒ် (၂၀) ပါ ညွှန်ကြားချက်နှင့်အညီ ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ဈ) ဌာနပိုင်ပုံသေပိုင်ပစ္စည်းငှားရမ်းခြင်းအတွက် နိုင်ငံတော်သမ္မတရုံး၏ "နိုင်ငံပိုင်မြေ၊ အဆောက်အအုံများ ငှားရမ်းခြင်း၊ လွှဲပြောင်းခြင်းနှင့် အကျိုးတူလုပ်ကိုင်ခြင်းများတွင် လိုက်နာရမည့် ညွှန်ကြားချက် ညွှန်ကြားချက်အမှတ် ၃/၂၀၁၈" ကို လိုက်နာဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ည) ရှုပ်ထွေးပြီးကြီးမားသည့် စီမံကိန်းကြီးများမှအပ တင်ဒါတည်မြဲမှုကာလသည် တင်ဒါတင်သွင်းသည့် နေ့ရက်မှစ၍ (၂) လထက်မပိုစေရန်နှင့် ရှုပ်ထွေးပြီးကြီးမားသည့် စီမံကိန်းကြီးများအတွက် တင်ဒါ ကော်မတီမှ တင်ဒါတည်မြဲမှုကာလကို သတ်မှတ်ပေးရမည်။

(ဋ) ဆောင်ရွက်မည့် စီမံကိန်းပစ္စည်းဝယ်ယူခြင်း၊ တည်ဆောက်ခြင်း၊ အကြံပေးဝန်ဆောင်မှုရယူခြင်းနှင့် အကြံပေးမဟုတ်သော ဝန်ဆောင်မှုရယူခြင်းတို့အတွက် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ရမည်။

(ဌ) တင်ဒါပုံစံများ၊ စာချုပ်ပုံစံများ သတ်မှတ်စိစစ်ရမည်။

(ဍ) ဝယ်ယူမည့် ပစ္စည်းများအတွက် အရည်အသွေး၊ စံချိန်စံညွှန်း သတ်မှတ်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ဃ) တင်ဒါတွင်ပါဝင်မည့် အဆိုပြုကနဦးဒရိုက်စာချုပ်ပါအချက်များ၊ အကဲဖြတ်မှုစံချိန်စံညွှန်းများနှင့် ငွေရေးကြေးရေးအချက်အလက်များ (ကနဦးဒရိုက်ဆိုင်ရာအချက်အလက်များ၊ ငွေပေးချေမှုအစီအစဉ်၊ အခွန်စသည်များ) သတ်မှတ်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ဏ) နည်းပညာအရ မြင့်မားပြီးရှုပ်ထွေးသည့် ဝယ်ယူခြင်းများအတွက် စစ်ဆေးမည့်နည်းလမ်းများ သတ်မှတ်ခြင်းနှင့် အခြားသောနည်းပညာဆိုင်ရာများအတွက် ကျွမ်းကျင်သူများအား အထူးတာဝန်ပေးအပ်ခြင်း ရှိ မရှိ စိစစ်ရမည်။

(တ) တင်ဒါတင်သွင်းရမည့် အချိန်နှင့်နေရာ၊ တင်ဒါဖွင့်ဖောက်လက်ခံမည့် အချိန်နှင့် နေရာနှင့် တင်ဒါအောင်မြင်သူစာရင်း ထုတ်ပြန်မည့်နေ့ရက် သတ်မှတ်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ထ) "တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ" ကို တာဝန်ပေးအပ်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ဒ) ငှားရမ်းခြင်း သို့မဟုတ် ရောင်းချခြင်းများအတွက် အနိမ့်ဆုံးကြမ်းခင်းဈေးနှုန်းသတ်မှတ်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ဓ) "ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ" ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ရှိ မရှိ စိစစ်ရမည်။

(န) "အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ" ကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ပ) တင်ဒါလုပ်ငန်းစဉ်များဖြစ်သည့် ရန်ပုံငွေခွင့်ပြုချက် ရှိ မရှိ စိစစ်ခြင်း၊ ဝယ်ယူရေးအစီအစဉ် ရေးဆွဲအတည်ပြုချက်ရယူခြင်း ရှိ မရှိ စိစစ်ရမည်။

(ဖ) တစ်ဦးချင်းအကြံပေးများရွေးချယ်ခြင်း၊ တင်ဒါအား ငြင်းပယ်ခြင်း၊ တိုင်ကြားမှုကို ဖြေရှင်းခြင်းတို့ကို ကြီးကြပ်ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ဗ) တင်ဒါမအောင်မြင်သူများအားလုံးကို တင်ဒါအာမခံကြေး ပြန်လည်ထုတ်ပေးခြင်းနှင့် တင်ဒါအောင်မြင်သူထံမှ လုပ်ငန်းအာမခံကြေး တောင်းခံခြင်း ရှိ မရှိ စိစစ်ရမည်။

(ဘ) တင်ဒါအောင်မြင်သူအား ကြော်ငြာခြင်း ရှိ မရှိ စိစစ်ရမည်။

(မ) နမူနာတောင်းခံရန်လိုအပ်သည့် ပစ္စည်းဝယ်ယူရေးတင်ဒါဖြစ်ပါက နမူနာများလက်ခံနိုင်ရေးနှင့် မှတ်ပုံတင်ထားရှိနိုင်ရေး ကြိုတင်ဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ယ) နိုင်ငံတကာတင်ဒါခေါ်ယူဆောင်ရွက်ရမည့် သို့မဟုတ် နိုင်ငံခြားငွေမဖြစ်မနေသုံးစွဲရမည့်ကိစ္စရပ်များမှအပ ပြည်တွင်းတွင် ဝယ်ယူရရှိနိုင်သည့်ပစ္စည်းများ၊ ဝန်ဆောင်မှုများငှားရမ်းခြင်းနှင့် ရောင်းချခြင်းကိစ္စရပ်များအတွက် မြန်မာကျပ်ငွေဖြင့်သာ တင်ဒါခေါ်ယူဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ရ) ဝယ်ယူလိုသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုများအတွက် နိုင်ငံအတွင်းရောင်းချခွင့်ပြုထားသည့် တရားဝင်ကိုယ်စားလှယ်မရှိပါက နိုင်ငံခြားငွေဖြင့် နိုင်ငံတကာယှဉ်ပြိုင်တင်ဒါခေါ်ယူ၍ ဝယ်ယူရေးဆောင်ရွက်နိုင်ပြီး ငွေပေးချေရာတွင်လည်း သတ်မှတ်နိုင်ငံခြားငွေဖြင့် ပေးချေခြင်း ရှိ မရှိ စိစစ်ရမည်။

(လ) ပြည်ပမှဝယ်ယူခြင်းကို ပြည်တွင်းဈေးကွက်တွင် မရရှိနိုင်ခြင်းနှင့် ပြည်ပမှပစ္စည်းကို ပြည်တွင်းတွင် ရောင်းချသူအဖြစ် ပစ္စည်းထုတ်လုပ်သူက ခွင့်ပြုထားသောအရောင်းကိုယ်စားလှယ်မရှိခြင်းတို့အတွက် ပြည်ပမှဝယ်ယူခြင်းကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂၊ အပိုဒ် (၃) ပါ တင်ဒါနည်းလမ်းများကိုအသုံးပြု၍ တင်ဒါခေါ်ယူဆောင်ရွက်ခြင်း ရှိ မရှိ စိစစ်ရမည်။

၃။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့်ဆောင်ရွက်မည့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများဆောင်ရွက်နိုင်ရန် **တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ** ကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်-

(က) ဦးမြင့်နိုင်ဦး — ဥက္ကဋ္ဌ
ညွှန်ကြားရေးမှူးချုပ်
စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန

( ခ ) ဦးအောင်မင်းဦး — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
ငွေတိုက်ဦးစီးဌာန
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

( ဂ ) ဦးဝင်းထွဋ်စံ — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
သင်တန်းကျောင်း
သတင်းအချက်အလက်နည်းပညာနှင့်
ဆိုက်ဘာလုံခြုံရေးဦးစီးဌာန
ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန

(ဃ) ဦးမောင်မောင်သွင် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
အုပ်ချုပ်ရေးနှင့် ဝန်ထမ်းရေးရာဌာန၊ ဌာနစု (၄)
စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန

( င ) ဒေါ်ဝင့်ရည်တိုး — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန

( စ ) ဒေါက်တာ ဒေါ်နဝင်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန

(ဆ) ဒေါ်စမ်းစမ်းယဉ် — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
အုပ်ချုပ်ရေးနှင့် ဝန်ထမ်းရေးရာဌာန၊ ဌာနစု (၅)
စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန

( ဇ ) ဦးတင့်ဝေဖြိုး — အတွင်းရေးမှူး
လက်ထောက်ညွှန်ကြားရေးမှူး
ပြည်ထောင်စုဝန်ကြီးရုံး

၄။ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) တင်ဒါများလက်ခံခြင်းနှင့် ဖွင့်ဖောက်စစ်ဆေးခြင်းကို စနစ်တကျဆောင်ရွက်ရမည်။

( ခ ) တင်ဒါများကို စိစစ်အကဲဖြတ်ရမည်။

( ဂ ) တင်ဒါကော်မတီသို့တင်ပြရန် အကဲဖြတ်မှုအစီရင်ခံစာကို အကြံပြုချက်များနှင့်အတူ ပြင်ဆင်၍ တင်ပြခြင်းဆောင်ရွက်ရမည်။

(ဃ) တင်ဒါတင်သွင်းလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် ယုံကြည်စိတ်ချရမှု ရှိ မရှိနှင့် သက်ဆိုင်ရာဌာနများတွင် မှတ်ပုံတင်ထားခြင်း ရှိ မရှိ ထည့်သွင်းစဉ်းစားစိစစ်ခြင်း ဆောင်ရွက်ရမည်။

( င ) အဆိုပြုတင်ပြလာသည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများသည် နာမည်ပျက်စာရင်း (Black List) ရှိ မရှိ စိစစ်ခြင်း ဆောင်ရွက်ရမည်။

( စ ) တင်သွင်းရန်အဆိုပြုသည့် ပစ္စည်းအမျိုးအစားနှင့်ပတ်သက်၍ ခိုင်မာသည့် အာမခံချက် ရှိ မရှိ စိစစ်ခြင်း ဆောင်ရွက်ရမည်။

(ဆ) IT ကိစ္စရပ်များနှင့်ပတ်သက်သည့် လုပ်ငန်းများအတွက်ခေါ်ယူထားသည့် တင်ဒါများအား စိစစ်အကဲဖြတ်ရာတွင် သက်ဆိုင်ရာလုပ်ငန်းအပေါ်အခြေခံ၍ နည်းပညာဆိုင်ရာ ပြည်တွင်းကျွမ်းကျင်ပညာရှင်များကို ခေါ်ယူတာဝန်ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ရမည်။

မှတ်ချက်။ သာမန်အသုံးစရိတ်ဖြင့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို ဝယ်ယူ/ ဆောင်ရွက်သည့်အခါ ရုံးသုံးပရိဘောဂနှင့် အခြားဆက်စပ်ပစ္စည်းများ ဝယ်ယူရန်ဖွဲ့စည်းထားသည့် တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီဖြင့် စိစစ်ဆောင်ရွက်ရန်ဖြစ်ပါသည်။

၅။ **ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ**

(က) ဦးသော်တာအောင် — ဥက္ကဋ္ဌ
ဒုတိယညွှန်ကြားရေးမှူးချုပ်
အဆောက်အဦထောက်ပံ့နှင့် ဆက်သွယ်ရေးဌာန
စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန

( ခ ) ဦးမျိုးဇော်သောင်း — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
အုပ်ချုပ်ရေးနှင့် ဝန်ထမ်းရေးရာဌာန၊ ဌာနစု (၄)
စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန

( ဂ ) ဦးဝေဖြိုး — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာန

(ဃ) ဦးရန်နောင်စိုး — အဖွဲ့ဝင်
လက်ထောက်ညွှန်ကြားရေးမှူး
အာဆီယံရေးရာဦးစီးဌာန

( င ) ဒေါ်နီနီမောင် — အတွင်းရေးမှူး
လက်ထောက်ညွှန်ကြားရေးမှူး
ဘဏ္ဍာရေးဌာန
စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန

၆။ ကြမ်းခင်းဈေးတွက်ချက်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) ဝယ်ယူမည့် ပစ္စည်း၊ ဆောင်ရွက်မည့် လုပ်ငန်းနှင့်စပ်လျဉ်း၍ ခွင့်ပြုရန်ပုံငွေ ရှိ မရှိ စိစစ်ရမည်။

(ခ) လိုအပ်သောပစ္စည်း၏ အရည်အသွေး၊ အမျိုးအစား၊ အသုံးပြုမည့် ရည်ရွယ်ချက်စသည်တို့နှင့် လိုက်လျောညီထွေသည့် နမူနာပုံစံ၊ ဒီဇိုင်း၊ နမူနာပစ္စည်းစသည်တို့ကို ပြင်ဆင်ခြင်း၊ ရွေးချယ်ခြင်း၊ ရေးဆွဲခြင်းများ ဆောင်ရွက်ရမည်။

(ဂ) လိုအပ်သောပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်း၍ ရရှိထားသော နမူနာပစ္စည်းအမျိုးအစားအလိုက် ဒေသဈေးနှုန်းများ စုစည်းခြင်း၊ ပစ္စည်း သို့မဟုတ် လုပ်ငန်းအရည်အသွေးနှင့်ကိုက်ညီမည့် ကြမ်းခင်းဈေး သတ်မှတ်ခြင်းများ ဆောင်ရွက်ရမည်။

(ဃ) ပစ္စည်းနမူနာနှင့် သတ်မှတ်အရည်အသွေး၊ အမျိုးအစား၊ ကြမ်းခင်းဈေးနှုန်းတို့ကို တင်ဒါကော်မတီသို့ တင်ပြအတည်ပြုချက်ရယူပြီး အခြားဆက်စပ်ကော်မတီများသို့ ကြိုတင်ပေးပို့ခြင်းများ ဆောင်ရွက်ရမည်။

(င) တင်ဒါဖွင့်ဖောက်သည့်နေ့တွင် တင်ဒါတင်သွင်းသော ပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့်စပ်လျဉ်းပြီး ကြမ်းခင်းဈေးပေါ်မူတည်ကာ ဈေးနှုန်းစိစစ်အကဲဖြတ်၍ တင်ဒါကော်မတီသို့ တင်ပြရမည်။

(စ) တင်ဒါကော်မတီက ပေးအပ်သည့်လုပ်ငန်းများကို ဆောင်ရွက်ရမည်။

၇။ **အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ**

| | | |
|---|---|---|
| (က) | ဦးစန်းယုကျော်<br>ညွှန်ကြားရေးမှူး<br>အဆောက်အဦထောက်ပံ့ဌာန<br>စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဒေါ်ပြည့်ဆုအောင်<br>လက်ထောက်ညွှန်ကြားရေးမှူး<br>အုပ်ချုပ်ရေးနှင့် ဝန်ထမ်းရေးရာဌာန၊ ဌာနစု (၃)<br>စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဂ) | ဦးတင်ထွန်းအောင်<br>ဌာနစုမှူး-၁<br>အုပ်ချုပ်ရေးနှင့် ဝန်ထမ်းရေးရာဌာန၊ ဌာနစု (၁)<br>စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (ဃ) | ဒေါ်စုစန္ဒာ<br>ဌာနစုမှူး-၁<br>နိုင်ငံရေးရာဦးစီးဌာန | အဖွဲ့ဝင် |
| (င) | ဦးထွန်းလင်းအောင်<br>ဌာနစုမှူး-၁<br>မော်တော်ယာဉ်ဌာနစု<br>စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန | အဖွဲ့ဝင် |

(စ) ဦးနိုင်မင်း အဖွဲ့ဝင်
ဌာနစုမှူး-၁
သံတမန်ရေးရာဦးစီးဌာန

(ဆ) ဦးဝင်းမင်းထွန်း အတွင်းရေးမှူး
ဌာနစုမှူး-၁
အဆောက်အဦထောက်ပံ့ဌာန
စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန

၈။ အရည်အသွေးစစ်ဆေးရေးနှင့် လက်ခံရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို အောက်ပါအတိုင်း သတ်မှတ်လိုက်သည်-

(က) အရည်အသွေးစိစစ်ခြင်းနှင့် လိုအပ်ပါက ပစ္စည်းများကို စမ်းသပ်ရမည်။

(ခ) ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုအား စာချုပ်တွင် သတ်မှတ်ဖော်ပြထားသည့်အချက်များ၊ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ မရှိ စိစစ်ခြင်းနှင့် အကဲဖြတ်ခြင်း ဆောင်ရွက်ရမည်။

(ဂ) ဝယ်ယူမည့် ဌာနအဖွဲ့အစည်းကိုယ်စား ပေးပို့လာသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို လက်ခံခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ဆောင်ရွက်ရမည်။

(ဃ) ပစ္စည်းလက်ခံစာရွက်စာတမ်းများ ထုတ်ပေးရမည်။

(င) ပစ္စည်းအမျိုးအစားတစ်ခုချင်းအလိုက် အရည်အသွေးစိစစ်ရာတွင် ထုတ်လုပ်သည့် နိုင်ငံ၊ ထုတ်လုပ်သည့် ခုနှစ်၊ ထုတ်လုပ်သည့် ကုမ္ပဏီများအပေါ်အခြေခံ၍ စိစစ်ခြင်းဆောင်ရွက်ရမည်။

(စ) ပစ္စည်းအမျိုးအစားအလိုက် အာမခံချက်ပေးသည့် ကာလများအပေါ်အခြေခံ၍ စိစစ်ခြင်းဆောင်ရွက် ရမည်။

(ဆ) အရည်အသွေးစစ်ဆေးရရှိမှုနှင့် လက်ခံနိုင်မှုအခြေအနေအား အစီရင်ခံစာပြုစု၍ တင်ဒါကော်မတီသို့ တင်ပြအတည်ပြုချက် ရယူဆောင်ရွက်ရမည်။

မှတ်ချက်။ သာမန်အသုံးစရိတ်ဖြင့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုကို ဝယ်ယူ/ ဆောင်ရွက်သည့်အခါ ရုံးသုံးပရိဘောဂနှင့် အခြားဆက်စပ်ပစ္စည်းများ ဝယ်ယူရန် ဖွဲ့စည်းပေးထားသည့် အရည်အသွေးစိစစ်ရေးနှင့် လက်ခံရေးကော်မတီဖြင့် စိစစ်ဆောင်ရွက်ရန်ဖြစ်ပါသည်။

၉။ တင်ဒါကော်မတီသည် တည်ဆောက်ခြင်း၊ စက်ပစ္စည်းများဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းများအားလုံးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ ညှိနှိုင်းဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ အကောင်အထည်ဖော်ခြင်းများ ဆောင်ရွက်ရမည်။

၁၀။ တင်ဒါကော်မတီဥက္ကဋ္ဌသည် ကော်မတီဝင်များကို သင့်လျော်သလို လဲလှယ်အစားထိုးတာဝန် ပေးအပ်ခြင်းကို ဆောင်ရွက်နိုင်သည်။

၁၁။ တင်ဒါကော်မတီအနေဖြင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တည်ဆောက်ခြင်း၊ စက်ပစ္စည်းများဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့်

ရောင်းချခြင်းများဆောင်ရွက်နိုင်ရန် နိုင်ငံတော်သမ္မတရုံး (ယခင်) ၏ ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၁၇ နှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၂ ခုနှစ်၊ မတ်လ ၁၇ ရက်စွဲပါ ညွှန်ကြားချက်အမှတ် ၁/၂၀၂၂ တို့တွင်ပါရှိသော လုပ်ထုံးလုပ်နည်းများအတိုင်း တိကျစွာလိုက်နာဆောင်ရွက်သွားရန်ဖြစ်ပါသည်။

သန်းဆွေ
ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နိုင်ငံခြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန**

**တင်ဒါကော်မတီ**

**အမိန့်ကြော်ငြာစာအမှတ် (၂၇/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၈ ရက်)

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ အတွင်းရေးမှူး ပြင်ဆင်ဖွဲ့စည်းခြင်း**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများအတွက် ဤဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၆/၂၀၂၅ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ပြည်ထောင်စုဝန်ကြီးရုံး၏ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အတွင်းရေးမှူး ဦးသက်တင်လင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန်သည် လုပ်ငန်း လိုအပ်ချက်အရ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ပါ သဖြင့် ၎င်း **အစား** ဦးစိုးမြင့်အောင်၊ ဒုတိယအမြဲတမ်းအတွင်းဝန်ကို အတွင်းရေးမှူးအဖြစ် ပြင်ဆင်ဖွဲ့စည်း တာဝန်ပေးအပ်လိုက်သည်။

**အမိန့်ကြော်ငြာစာအမှတ် (၂၈/၂၀၂၅)**

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း**

ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများအတွက် ဤဝန်ကြီးဌာန၏ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၂၃ ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၇/၂၀၂၅ ဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားသော ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီး ဌာန၏ တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အဖွဲ့ဝင် ဦးစိုးမြင့်အောင် သည် လုပ်ငန်းလိုအပ်ချက်အရ ဤဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံးသို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ပါသဖြင့် ၎င်း **အစား** ရင်းနှီး

မြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဒေါ်တင်အေးဟန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ကို အဖွဲ့ဝင် အဖြစ် ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည်။

ဒေါက်တာ ဝါဝါမောင်
ဥက္ကဋ္ဌ
တင်ဒါကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဥပဒေရေးရာဝန်ကြီးဌာန**

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်)

အမှတ် ၁။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၂၂၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၈၁ နှင့် နည်းဥပဒေ ၈၉ တို့အရ ဥပဒေရေးရာဝန်ကြီးဌာန၊ ဝန်ကြီးရုံး၊ ဝန်ကြီးဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲ၊ ညွှန်ကြားရေးမှူး (စီမံအရာရှိ) ဦးရန်အောင် အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၁၁-၈-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှ ၁၀-၁၂-၂၀၂၅ ရက်နေ့ ညနေပိုင်းအထိ ပျမ်းမျှလစာဖြင့် ခံစားခွင့်ပြုလိုက်သည်။ အဆိုပါ ခွင့်ကုန်ဆုံးပြီးနောက် ၁၁-၁၂-၂၀၂၅ ရက်နေ့ နံနက်ပိုင်းမှစ၍ နိုင်ငံ့ဝန်ထမ်းအဖြစ်မှ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

ဒေါက်တာ သီတာဦး
ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဥပဒေရေးရာဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ပြန်ကြားရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၈၁/၂၀၂၅)**

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်)

၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေး အမှတ်စဉ် (၂၁/၂၀၂၅) ၏ သဘောတူညီချက်အရ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အမှုထမ်း (၁၁) ဦးတို့အား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာနခွဲ | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာနခွဲ |
|---|---|---|
| (က) | ဦးဇင်ဦး<br>ရုံးအုပ်<br>(၂၃၄,၀၀၀-၂,၀၀၀-၂၄၄,၀၀၀)<br>ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၊ ရုံးချုပ် | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>သုတေသနနှင့် သတင်းအချက်အလက်ဌာနခွဲ<br>ရုံးချုပ် |

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာနခွဲ | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာနခွဲ |
|---|---|---|
| (ခ) | ဒေါ်မန်ဆန်းလွန်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀–၂,၀၀၀–၂၂၆,၀၀၀)<br>ချင်းပြည်နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀)<br>ပလက်ဝမြို့နယ်ရုံး |
| (ဂ) | ဦးတင်ထွန်း<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀–၂,၀၀၀–၂၂၆,၀၀၀)<br>စစ်တွေခရိုင်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀)<br>ဂွမြို့နယ်ရုံး |
| (ဃ) | ဦးစိုးမိုးအောင်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀–၂,၀၀၀–၂၂၆,၀၀၀)<br>ဝေါမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀)<br>ဝေါမြို့နယ်ရုံး |
| (င) | ဦးအောင်စံထွန်း<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀–၂,၀၀၀–၂၂၆,၀၀၀)<br>ရခိုင်ပြည်နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀)<br>ကျောက်ဖြူခရိုင်ရုံး |
| (စ) | ဦးခွန်အာကာထွန်း<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀–၂,၀၀၀–၂၂၆,၀၀၀)<br>ကလောမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀)<br>ကလောမြို့နယ်ရုံး |
| (ဆ) | ဒေါ်ခိုင်ဇင်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀–၂,၀၀၀–၂၂၆,၀၀၀)<br>ရွှေဘိုခရိုင်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀)<br>ကန့်ဘလူခရိုင်ရုံး |
| (ဇ) | ဒေါ်ခင်သူဇာမင်း<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀–၂,၀၀၀–၂၂၆,၀၀၀)<br>ရပ်ရှင်မြှင့်တင်ရေးဌာနခွဲ၊ ရုံးချုပ် | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀)<br>မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ |
| (ဈ) | ဒေါ်မြတ်နန်းခိုင်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀–၂,၀၀၀–၂၂၆,၀၀၀)<br>မံစီမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀)<br>ဗန်းမော်ခရိုင်ရုံး |
| (ည) | ဦးဝင်းကျော်ကျော်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀–၂,၀၀၀–၂၂၆,၀၀၀)<br>ချောင်းသာမြို့ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀–၄,၀၀၀–၂၉၅,၀၀၀)<br>ဖျာပုံခရိုင်ရုံး |

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာနခွဲ | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာနခွဲ |
|---|---|---|
| ( ၄ ) | ဦးသန်းထွန်းအောင်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ပေါက်ခေါင်းမြို့နယ်ရုံး | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ထန်းတပင်မြို့နယ်ရုံး |

## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၈၂/၂၀၂၅)

၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင်ကျင်းပပြုလုပ်သော ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အစည်းအဝေး အမှတ်စဉ် (၂၁/၂၀၂၅) ၏ သဘောတူညီချက်အရ မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အောက်ဖော်ပြပါ အမှုထမ်း (၄) ဦးတို့အား ယင်းတို့နှင့် ယှဉ်တွဲဖော်ပြပါ ရာထူးနေရာများသို့ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့ နံနက်ပိုင်းမှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်-

| စဉ် | အမည်၊ လက်ရှိရာထူး၊ လစာနှုန်း၊ ဌာနခွဲ | တိုးမြှင့်ခန့်ထားသည့် ရာထူး၊ လစာနှုန်း၊ ဌာနခွဲ |
|---|---|---|
| (က) | ဒေါ်လွင်မာဌေး<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းရေးဌာနခွဲ | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းရေးဌာနခွဲ |
| ( ခ ) | ဒေါ်ဥမ္မာရည်<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းရေးဌာနခွဲ | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းရေးဌာနခွဲ |
| ( ဂ ) | ဒေါ်ခင်စန္ဒီလင်း<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ |
| (ဃ) | ဒေါ်မြမြင့်မိုရ်ဦး<br>ဒုတိယဦးစီးမှူး<br>(၂၁၆,၀၀၀-၂,၀၀၀-၂၂၆,၀၀၀)<br>မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ | ဦးစီးအရာရှိ<br>(၂၇၅,၀၀၀-၄,၀၀၀-၂၉၅,၀၀၀)<br>မီဒီယာဖွံ့ဖြိုးတိုးတက်ရေးဌာနခွဲ |

မောင်မောင်အုန်း
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြန်ကြားရေးဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် (၁၈၃/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

### သက်ပြည့်အငြိမ်းစားယူခွင့်ပြုခြင်း

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန၊ ဇလဗေဒဌာနခွဲ၊ ညွှန်ကြားရေးမှူးရုံးမှ လစာနှုန်း (၃၇၄,၀၀၀-၄,၀၀၀-၃၉၄,၀၀၀)၊ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးအောင်သူကြွယ် အား သက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့မှ နိုဝင်ဘာလ ၂၃ ရက်နေ့အထိ ခံစားခွင့်ပြုပြီး အသက် (၆၂) နှစ်ပြည့်သည့် ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်နေ့မှစ၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၃၃၃ (က) အရ သက်ပြည့်အငြိမ်းစား ယူခွင့်ပြုလိုက်သည်။

မင်းနောင်
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမားဝန်ကြီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၃၄/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၇ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

### ရောဝတီတိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၊ အစိုးရဌာနဆိုင်ရာကိုယ်စားလှယ်နှင့် အလုပ်သမားကိုယ်စားလှယ် အစားထိုးခန့်အပ်ခြင်း

အလုပ်သမားဝန်ကြီးဌာနသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေပုဒ်မ ၁၇ (က) နှင့်အညီ အမိန့်ကြော်ငြာစာအမှတ် ၁၁/၂၀၂၃ ဖြင့် အစားထိုးဖွဲ့စည်းခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ခုံသမာဓိအဖွဲ့၊ အစိုးရဌာနဆိုင်ရာကိုယ်စားလှယ် ဦးမျိုးနိုင်၊ တိုင်းဒေသကြီးဦးစီးမှူး **အစား** ဦးစိုးသိန်း၊ ဒုတိယညွှန်ကြားရေးမှူးနှင့် အမိန့်ကြော်ငြာစာအမှတ် ၂၈၇/ ၂၀၂၁ ဖြင့် အစားထိုးဖွဲ့စည်းခဲ့သည့် အလုပ်သမားကိုယ်စားလှယ် ဦးစိုးနိုင် (ပန်းတနော်မြို့နယ်၊ အခြေခံရေလုပ်သားများအဖွဲ့အစည်း) **အစား** ဦးတင်မြင့် (ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးရေလုပ်ငန်းအဖွဲ့အစည်း) တို့အား အစားထိုးခန့်အပ်တာဝန်ပေးအပ်လိုက်သည်။

ချစ်ဆွေ
ပြည်ထောင်စုဝန်ကြီး
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမားဝန်ကြီးဌာန

မှတ်ပုံတင်အမှတ်–၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

ရန်ကုန်မြို့ { ၁၃၈၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၉ ရက် (၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်) } သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍ တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၂

### စစ်ရာထူးခန့်ချုပ်ရုံး

### (ကြည်းတပ်ဌာနစု)

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၈ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၈ ရက်)

အမှတ် ၁၁၆/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၅/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၈ ရက်နေ့မှအစပြု၍ တပ်မတော်(ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

မျိုးထွန်း ကြည်း ၈၁၄၁၅

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၀ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်)

အမှတ် ၁၁၇/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၆/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့မှအစပြု၍ တပ်မတော်(ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

စိုးသိန်း ကြည်း ၈၁၄၁၆

အမှတ် ၁၁၈/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၅/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၀ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

(၁) အောင်နိုင်ဝင်း ကြည်း ၈၁၄၁၇

(၂) ဇော်မင်းလွင် ကြည်း ၈၁၄၁၈

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၃ ရက်)

အမှတ် ၁၁၉/၂၀၂၅။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၉၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ ၂၀၂၄ ခုနှစ်၊ မတ်လ ၁၁ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

သိန်းကျော်ထွန်း ကြည်း ၈၁၄၁၉

အမှတ် ၁၂၀/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၅/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၁ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

(၁) မိုးသူရ ကြည်း ၈၁၄၂၀

(၂) ဝင်းမြင့်သိန်း ကြည်း ၈၁၄၂၁

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၄ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်)

အမှတ် ၁၂၂/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်စွဲပါ စာအမှတ်၊ ၅/၁၀/ဦး ၆ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့မှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်-

(၁) အောင်နိုင် ကြည်း ၈၁၄၂၂

(၂) တင်နွယ် ကြည်း ၈၁၄၂၃

## (ရေတပ်ဌာနစု)

အမှတ် ၅/၂၀၂၅။ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ၏ ၂၀၂၅ ခုနှစ်၊ မေလ ၂၉ ရက်စွဲပါ စာအမှတ်၊ ဖ/၁၀/ဦး ဖ ပါ ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့၊ သဘာပတိ၏ သဘောတူ ခွင့်ပြုချက်အရ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၄ ရက်နေ့မှအစပြု၍ တပ်မတော် (ရေ) စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်မှုဌာနခွဲတွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည်–

တင်ထွန်း ရေ ၅၈၃၀

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီး လင်းအောင်

စစ်ရာထူးခန့်ချုပ်

စစ်ရာထူးခန့်ချုပ်ရုံး

## အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၄၃/၂၀၂၅)

၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၂၃ ရက်)

မွန်ပြည်နယ်၊ ရေးခရိုင်၊ ရေးမြို့နယ်၊ တူးမြောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၁၁၂၅/ ကွမ်တိုးကွင်း)၊ မြေကွက်အမှတ် (၃၉၉) ရှိ **မြေဧရိယာ ၀.၈၀ ဧက** အား **ကျိုက်မဟာကေသာစေတီတော်** မြေနေရာအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများနည်းဥပဒေ ၅၀ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

## အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၂၅)

မွန်ပြည်နယ်၊ ရေးခရိုင်၊ ရေးမြို့နယ်၊ တူးမြောင်းကျေးရွာအုပ်စု၊ ကွင်းအမှတ်/ အမည် (၁၁၂၅/ ကွမ်တိုးကွင်း)၊ ဦးပိုင်အမှတ် ($N_{၃၄}$) ရှိ မြေဧရိယာ ၁၂.၂၀ ဧကအနက်မှ ၁.၄၆ ဧက၊ ဦးပိုင်အမှတ် ($N_{၁၀၇}$) ရှိ မြေဧရိယာ ၁.၅၀ ဧက **စုစုပေါင်းမြေဧရိယာ ၂.၉၆ ဧက** အား **အဏ္ဏဝါဘုန်းတော်ကြီးကျောင်း** မြေနေရာ အဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြို့နှင့် ကျေးရွာမြေများနည်းဥပဒေ ၅၀ နှင့်အညီ အခွန်လွတ် သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုသည်။

ကျော်ကျော်ထွန်း

ညွှန်ကြားရေးမှူးချုပ်

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

# မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

## အမိန့်ကြော်ငြာစာအမှတ် (၁၁၀/၂၀၂၅)

နေပြည်တော်၊ ၁၃၈၇ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်

(၂၀၂၅ ခုနှစ်၊ ဇွန်လ ၁၁ ရက်)

### မြေလွှဲအမိန့် (ပြန်တမ်း) ပယ်ဖျက်ခြင်း

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တွင် မြေဧရိယာ ၁၇၈.၄၄၅ ဧကနှင့် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တွင် ဧရိယာ ၃၅၈.၇၄၃ ဧက **စုစုပေါင်းမြေဧရိယာ ၅၃၇.၁၈၈ ဧက** တို့အား မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ရွှာသာကြီးဘက်စုံမွေးမြူရေးစခန်း အသုံးပြုရန်အတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၃ ရက်စွဲပါ စာအမှတ်၊ မယ/ မသ/ ၀၁၃ အယ်လ်- ၂၀၂၃ (၀၈၈၈) အရ မြေလွှဲအမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးခဲ့ပါသည်။

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးမှ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်စွဲပါ ခွင့်ပြုချက်အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ အမိန့်ကြော်ငြာစာ (ပြန်တမ်း) ဖြင့် လွှဲပြောင်းပေးခဲ့သည့် **ဧရိယာ ၅၃၇.၁၈၈ ဧက** အနက် ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၆၄)၊ မြေကွက်အမှတ် (၆)၊ **မြေဧရိယာ ၁၂၆.၄၂၈ ဧက** အတွင်းမှ **မြေဧရိယာ ၂၈ ဧက** အား ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနသို့ လွှဲပြောင်းလက်ခံမှတ်တမ်းစာအုပ်ဖြင့် လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါသဖြင့် ကျန်ရှိ **မြေဧရိယာ ၅၀၉.၁၈၈ ဧက** အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ မြေလွှဲအမိန့်ကြော်ငြာစာ (ပြန်တမ်း) ပြင်ဆင်ထုတ်ပေးရမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး၏ ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်စွဲပါ ခွင့်ပြုချက်နှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၃/၂၀၂၅) ဆုံးဖြတ်ချက်အရ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၃ ရက်စွဲဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ ထုတ်ပေးထားသည့် မူလမြေလွှဲအမိန့်ကြော်ငြာစာ (ပြန်တမ်း) အား ပယ်ဖျက်လိုက်သည်။

အောင်ကျော်စိုး
ညွှန်ကြားရေးမှူးချုပ်
မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ပ၊ ထ၊ န - အမှတ် ၆၃၅/၂၄/ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန/ စောင်ရေ - ၁၁၇၀/ ၁၈-၇-၂၀၂၅။